Commentary on the 22nd Sunday of August 28 2022 in Burmese

ဉာဏ်ပညာနဲ့ပြည့်ဝတဲ့ ပထမကျမ်းကို ရေးတဲ့ပုဂ္ဂိုလ်ဟာ ရိုးရိုးနဲ့ရှင်းရှင်းလေးဘဲ ကျွန်ုပ်တို့ကို လမ်းညွှန်မှုပေးထားပါတယ်။ အဲဒါကတော ကျွန်ုပ်တို့ဟာ နှိမ့်ချခြင်းနဲ့အသက်ရှင်ရင် ဘုရားရဲ့မျက်နှာ၊ ဘုရားရဲ့မေတ္တာတော်ကိုရရှိခံစားရမယ် ဆိုတာကို သင်ကြားထားတယ်။

---

ဓမ္မဟောင်းကာလက ဘုရားဟာ မိမိရဲ့ပဋိညာဉ်ကို ကြောက်မက်ဘွယ်ကောင်းတဲ့ မိမိကိုယ်ကိုဖော်ပြခြင်းမျိုးနဲ့ ဖော်ပြခဲ့လို့ အီဇရာအဲလ်လူမျိုးများအတွက် ကြောက်ရွံ့ခြင်းကို ဖြစ်စေခဲ့ပါတယ်။ ဓမ္မသစ်ကာလမှာ ခရစ်တော်ဘုရားက ယုံကြည်စိတ်ချမှုနဲ့ ချစ်ခြင်းမေတ္တာအားဖြင့် ဘုရားသခင်ဆီ ကျွန်ုပ်တို့ကို ဦးဆောင်သွားတာကို ဒုတိယကျမ်းမှာ ကျွန်ုပ်တို့ကြားနာရမှာ ဖြစ်ပါတယ်။